## ဤစာစုများနှင့် ပတ်သက်၍

'အေးဘိုက ပြောပါသည်' စာစုများကို ၁၉၉၇ ခုနှစ်၏ ငွေတာရီ မဂ္ဂဇင်းတွင် ကျွန်တော် ရေးသားခဲ့ပါသည်။ အစတွင် မဂ္ဂဇင်းတစ်စောင်ထဲမှာပင် လစဉ်ရေးရန် ရည်ရွယ်ခဲ့သော်လည်း အကြောင်းကြောင်းကြောင့် ငွေတာရီတွင် အမှတ် (၃)အထိ ရေးသားပြီး မြို့တော် မဂ္ဂဇင်းသို့ ကူးပြောင်းခဲ့ပါသည်။ မြို့တော်မှာလည်း လစဉ်ရေးရတော့မည် ဆုံးဖြတ်ပြီးခါမှ နောက်ထပ် အကြောင်းတရားများ ပေါ်လာသဖြင့် အမှတ် (၁၂)မှ စ၍ စစ်ပြန်မဂ္ဂဇင်းသို့ ပြောင်းရပြန်ပါသည်။ ပြသနာကို ရယ်စရာအဖြစ် ဆိုရပါမူ 'အေးဘို' သည် သုံးလင်ပြောင်းသော မိန်းမ မဟုတ်ရပါပဲ 'အေးဘိုက ပြောပါသည်' သည် မဂ္ဂဇင်း သုံးတိုက်ပြောင်းသော စာမူဖြစ်သွားရပါတော့သည်။ ထိုစာမူကို စတင်ရေးသားခါစက တကယ်ပင် အေးဘိုက ပြောသော အကြောင်းအရာများကို အခြေခံခဲ့ပါသည်။ အေးဘို၏ မလောက်လေး မလောက်စား ဝေဖန်ရေး အသေးစားများကို နှစ်သက်သဖြင့် အစချီရေးသားခဲ့သော်လည်း နောက်ပိုင်း ကျွန်တော်က ရေးအားကောင်းလာပြီး အေးဘိုက ဝေဖန်မှု သိပ်လုပ်မလာသောအခါ ကုန်ကြမ်းရှားပါးမှုနှင့် ရင်ဆိုင်ရပါတော့သည်။

ထိုအခါ အေးဘိုတို့လောက်သာ စာဖတ်သက်ရှိကြကုန်သော သာမန် စာဖတ်သူများ၏ ဝေဖန်ချက်ကလေးများကို လိုက်လံစုဆောင်းရပါသည်။ ပြီးတော့ အေးဘိုက ပြောသည့် ဟန်ဖြင့် ကျွန်တော်က ရေးခဲ့ပါသည်။ အထူးသဖြင့် ဤစာစုများသည် ဝေဖန်ရေးများ မဟုတ်ဘဲ သာမန်စာဖတ်သူများက သူတို့ အထင်တကြီးရှိကြသော 'စာရေးဆရာများ' ၏ ပုဂ္ဂိုလ်ရေးအပေါ် ဝေဖန်မှုများသာ ဖြစ်ပါသည်။ သာမန်လူတို့သည် အနုပညာရှင်များထဲတွင် 'စာရေးဆရာ' ကို အလေးစားဆုံး၊ အထင်တကြီး အရှိဆုံး၊ တန်ဖိုးအထားဆုံး သဘောရှိကြပါသည်။ သူတို့ တန်ဖိုးထားသော ပုဂ္ဂိုလ်များအား မှဲ့တစ်ပေါက်မစွန်းစေချင်သော စေတနာ မေတ္တာလည်း ရှိကြပါသည်။ ထိုအခါ ယင်းစာရေးဆရာများ၏ ပျော့ညံ့ချက်များသည် သူတို့အဖို့ ကရုဏာဒေါသများ ဖြစ်ကြရပါသည်။ ဒါကို ကျွန်တော်က ဖော်ကျူးလိုခြင်း ဖြစ်ပါသည်။ တစ်ခု ဝန်ခံလိုသည်မှာ စာစုပါအကြောင်းအရာအချို့သည် ကျွန်တော် ကိုယ်တိုင်၏ အယူအဆများကိုပင် အေးဘိုက ပြောလေဟန် ဖုံးကွယ်ရေးသားမိပါကြောင်း ဖြစ်ပါသည်။ ဟုတ်ပါ့၊ ကျွန်တော်သည်လည်း တစ်ခါတစ်ရံ သာမန်စာဖတ်သူဘဝကို ကျေနပ်ဝိတိ ဖြစ်နေတတ်သည်ပဲလေ။

သုမောင်

၁၃-၃-၉၉

## မာတိကာ


| | | |
|---|---|---|
| ● | ဤစာစုများနှင့် ပတ်သက်၍ | ၇ |
| ၁။ | အေးဘိုက ပြောပါသည် | ၉ |
| ၂။ | စာရေးဆရာ | ၁၇ |
| ၃။ | ပါသည်နှင့် ပတ်သက်၍ | ၂၆ |
| ၄။ | သူတို့နဲ့ ဟောပြောပွဲမလိုက်ရဘူး | ၃၄ |
| ၅။ | အသေးအဖွဲ့ | ၄၂ |
| ၆။ | အဲဒီစာရေးဆရာ သိပ်လိမ်တာပဲ | ၅၀ |
| ၇။ | အလံပန်းရောင် S.A.E ရေခဲချောင်း | ၅၇ |
| ၈။ | ဘယ်သူ့ စာရေးဆရာ ခေါ်ရပါ | ၆၆ |
| ၉။ | အသေးစား ဝေဖန်ရေး | ၇၃ |
| ၁၀။ | လမ်းခုလတ်က စာဖတ်သူ | ၇၉ |
| ၁၁။ | ကွင်းဆင်းခြင်း | ၈၆ |
| ၁၂။ | စာစီစာကုံးကောင် | ၉၃ |
| ၁၃။ | မြင်ပါများတော့ ယဉ် | ၉၉ |
| ၁၄။ | စာရေးဆရာမယား မင်းသားကတော် | ၁၀၅ |
| ၁၅။ | ပတ်လည်ဟောပြောပွဲ | ၁၁၂ |
| ၁၆။ | ကြီးဆရာနှင့် ဆရာကြီးအကြောင်း | ၁၁၆ |
| ၁၇။ | ပုဂ္ဂိုလ်ရေးနှင့် ယေဘုယျသဘော | ၁၂၀ |
| ၁၈။ | ဒူးနေရာဒူး တော်နေရာတော် | ၁၂၆ |
| ၁၉။ | အတောင်ကျွတ် စာရေးဆရာ | ၁၃၀ |
| ၂၀။ | မကောင်းသော လူကလေး | ၁၃၇ |